# 5 Every Student Succeeds Act အတွက် နယူးယောက်ပြည်နယ် အစီအစဉ်နှင့် ပတ်သက်၍ မိဘ တိုင်း သိသင့်သောအချက်များ

New York State EDUCATION DEPARTMENT
Knowledge > Skill > Opportunity

## ESSA ဆိုသည်မှာ ဘာလဲ။

Every Student Succeeds Act (ESSA) ဆိုသည်မှာ၊ ပြည်နယ်များက အစိုးရကျောင်းများကို ပံ့ပိုးရာတွင် ဖက်ဒရယ်ငွေ သုံးနိုင်သည်ကို လိုရင်းအချုပ်ဖော်ပြထားသည့် ဥပဒေ ဖြစ်သည်။ ဇန်နဝါရီလ 2018 ၌၊ ဖက်ဒရယ်အစိုးရသည် နယူးယောက်ပြည်နယ်က နှစ်စဉ် ESSA အောက်တွင် ရရှိသော $1.6 ဘီလီယံဝန်းကျင်ခန့် သုံးစွဲမည့် ပြည်နယ်၏ အစီအစဉ်ကို အတည်ပြုခဲ့ပါသည်။

## ၎င်းက ဘာ့ကြောင့် အရေးကြီးရှလဲ။

ကျောင်းသား၊သူအားလုံးတို့သည် မည်သည့်နေရပ်တွင် နေထိုင်သည်ဖြစ်ဖြစ်၊ ဘယ်ကျောင်းကိုပဲတက်တက်၊ ဘယ်နေရပ်ကပဲလာလာ မည်သူမဆို အောင်မြင်ရှင်သန်အောင် သေချာဆောင်ရွက်ရန်၊ နယူးယောက်ပြည်နယ်က ဆုံးဖြတ်ထားပြီးဖြစ်သည်။ 2016 ဆောင်းဦးရာသီမှစ၍ နယူးယောက်ပြည်နယ်က လူမှုသက်ညှာစိတ်ဖြင့်လျှောက်တင်ခွင့်၊ ဝင်ခွင့် နှင့်၊ ကျောင်းသား၊သူ *အားလုံး* ၏ အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေသည့် အစီအစဉ်မျိုး ပုံစံဖော်ရန်အတွက် တုံ့ပြန်အကြံပြုချက်ကို တောင်းဆိုခဲ့ပါသည်။

## မိဘများ ဘာတွေ သိထားရမလဲ။

အောက်၌ မိဘများနှင့် မိသားစုများအတွက် အစီအစဉ်ထဲရှိ အရေးကြီးအချက်များကို ဦးစားပေးဖော်ပြထားပါသည်။ အစီအစဉ်နှင့်ပတ်သက်၍ ထပ်လေ့လာရန် NYSED ၏ ဝဘ်ဆိုက်ရှိ ESSA အပိုင်းတွင် ဝင်ကြည့်ရန် တိုက်တွန်းပါသည်။

## 1 နယူးယောက်ပြည်နယ်၌ အားလုံးအတွက် ဘက်စုံပညာရေးစကို တန်ဖိုးထားသည်။

မိဘများနှင့် မိသားစုများသည် မိမိတို့၏ကလေးက အကယ်ဒမစ်ဘာသာရပ်များတွင်သာ မက၊ ပညာရပ်နယ်ပယ်အများအပြား၌ ဘယ်လိုစွမ်းဆောင်နေသည်ကို သိထားသင့်သည်။

**ကျောင်းနှင့် စီရင်စုများကို ၎င်းတို့ညွှန်းချက်များဖြင့် နှစ်စဉ် အကဲဖြတ်သည်:**

**ကျောင်းအားလုံးအတွက်**

- အင်္ဂလိပ်ဘာသာစကား တတ်သိပညာများ
- သင်္ချာ
- သိပ္ပံ
- အင်္ဂလိပ်စာသင်မှု၌ တိုးတက်မှု (အင်္ဂလိပ်စာကို တိုးချဲ့ ဘာသာစကားအဖြစ် သင်နေသူများ)
- အချိန်ကြာကြာအတန်းမတက်သူ (10% (သို့) နောက်ထပ် ပညာပေးရက်များမှာ မတက်လျှင်)

**အထက်တန်းကျောင်းများအတွက်**

- လူမှုဘာသာရပ်များ
- ကျောင်းအောင်လက်မှတ်အဆင့်
- ကောလိပ်၊ သက်မွေးမှုအလုပ် နှင့်၊ စာတတ်စွမ်းရည်အသင့်ဖြစ်မှု ညွှန်းချက်: သင်တန်းအတွင်း အဆင့်မြင့်ဆောင်ရွက်ချက်၊ စက်မှုလက်မှုပညာ အောင်လက်မှတ်များ ရယူခြင်း၊ စသည်ဖြင့်

**အနာဂတ်ညွှန်းချက်များ:**

- ယာယီကျောင်းတက်ခွင့်ပိတ်ခြင် (2018-19 အောင်စာရင်းများမှ စတင်မည်)
- အထက်တန်းကျောင်းအတွက် အဆင်သင့်ဖြစ်ခြင်း (ဒေတာ ရရှိသည်နှင့်ချက်ချင်း)

## 2

## နယူးယောက်ပြည်နယ်သည် စာစစ်ဆေးချိန်လျှော့ချပြီး စွမ်းရည်အတွေ့အကြုံစစ်ဆေးမှု တိုးတက်အောင်လုပ်ရန် ဆန္ဒရှိသည်။

3-8 တန်း အင်္ဂလိပ်နှင့် သင်္ချာ ပြည်နယ်စာမေးပွဲများကို 2018 တွင် သုံးရက်မှ နှစ်ရက် အသီးသီးလျှော့ချပါမည်။

**95%**

ဥပဒေအရ၊ စာမေးပွဲဖြေထားသည့် အုပ်စုခွဲအသီးသီးထဲရှိ ကျောင်းသား၊သူ 95% ကို သင့်တော်သော ပြည်နယ်စာမေးပွဲများဖြေရန် ပြဋ္ဌာန်းထားပါသည်။ နယူးယောက်ပြည်နယ်သည် ပါဝင်ဦးရေ တိုးမြင့်လာစေရန် မိဘများ၊ ကျောင်းများ နှင့်၊ စီရင်စုများဖြင့် လက်တွဲဆောင်ရွက်ပါမည်။

နယူးယောက်ပြည်နယ်၌ သင်္ချာနှင့် သိပ္ပံစာမေးပွဲများကို နောက်ထပ် ဘာသာစကားများဖြင့် ဆက်လက်ဘာသာပြန်မည် ဖြစ်ပြီး၊ ငွေကြေးထောက်ပံ့မှု ရရှိချိန်မှာ ဘာသာစကား-တတ်သိပညာ စာမေးပွဲကို ကျောင်းသား၊သူများ၏ မိခင်ဘာသာစကားများဖြင့် ပြုလုပ်ပါမည်။

## 3

## နယူးယောက်ပြည်နယ်သည် ဆရာ၊မများနှင့် ကျောင်းဦးဆောင်သူများကို အောင်မြင်မှုအတွက် အသင့်ဖြစ်နေရန်၊ ကျောင်းသား၊သူအားလုံးက အကောင်းဆုံး ပညာသင်ကြားပေးသူထံတွင် သင်ကြားခွင့်ရှိရန် သေချာစေအောင် ကူညီပါမည်။

ပြည်နယ်သည် ကျောင်းဆရာများနှင့် ဦးဆောင်သူများကို အစပထမရက်ကနေ အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်ထားသည့်ပုံစံထဲရှိ အပြောင်းအလဲများကို ကြည့်ရှုပါမည်။

နယူးယောက်ပြည်နယ်၌ အကောင်းဆုံး ဆရာ၊မများ အမြောက်အများ ရှိသည်။ ကျနော်တို့အနေနှင့် ကျောင်းအားလုံးက ဆရာ၊မများကို ဆွဲဆောင်ပြီး ဆက်ခန့်ထားနိုင်စွမ်း ရှိအောင် သေချာလုပ်ပေးပါမည်။

## 4 နယူးယောက်ပြည်နယ်သည် ကလေး၏ကျောင်းက တိုးတက်မှုအတွက် ခွဲခြားဖော်ပြချိန်တွင် ထပ်ဆောင်းအကူအညီအတွက် မိဘများအား တောင်းဆိုရန် ဦးစီးဦးရွက် ဆောင်ရွက်နေပါသည်။

အကယ်၍ သင့်ကလေး၏ ကျောင်းက စွမ်းဆောင်ရည်-ညံ့ အဖြစ် ဖော်ပြလျှင် ...

... ပြီးနောက် မိဘများ၊ ဆရာ၊မများ နှင့် ကျောင်းသား၊သူများအား ကျောင်းအနေနှင့် ပိုကောင်းလာစေရန် ဘယ်လိုထင်မြင်ချက်မျိုး ရှိထားကြသည်ကို မေးပါမည်။

... သင့်အနေနှင့် တိုးတက်လာစေရန် ဖက်ဒရယ်ငွေကဏ္ဍမှ ကျောင်းရရှိသော ငွေတစ်စိတ်တစ်ပိုင်းကို ကျောင်းက အသုံးပြုမည့်ပုံစံအတွက် ဆုံးဖြတ်ချက်ချရာတွင် ပါဝင် ပြောဆိုခွင့်ရှိပါမည်။

## 5 နယူးယောက်ပြည်နယ်သည် မိဘများအား ကလေးကျောင်း၏ နောက်ထပ် အခြေအနေအပြည့်အစုံကို သိခွင့်ပေးပါမည်။

ပြည်သူ့ရီပို့အသစ်တွင် ကျောင်းသား၊သူ၏ ရမှတ်များ၊ ကျောင်းပြီးအဆင့်များနှင့်၊ ကိုယ်ရေးလုံခြုံမှုဥပဒေနှင့် ကိုက်ညီစွာဖြင့် ကျောင်းများ၊ စီရင်စုများ နှင့်၊ ပြည်နယ်များအတွက် အခြား အကျိုးရလဒ်များနှင့်ဆိုင်သော အချက်အလက်ကို ဖော်ပြပါမည်။

+

ရီပို့အသစ်များတွင် စာသင်ခန်းဦးရေ (သို့)ကျောင်းသား၊သူများ တတ်သိပညာများ၌ ပါဝင်ခွင့်ကဲ့သို့ မိဘများက အလွန်ဂရုစိုက်ကြသည့် အချက်အလက်ကိုလည်း ပြထားပါမည်။

+

မိဘများသည် ရီပို့အသစ်များတွင် ကျောင်းအသီးသီးက ကျောင်းသား၊သူတစ်ဦးအတွက် ဘယ်လောက်ငွေသုံးထားသည်ကို သိရပါမည်။

နယူးယောက်ပြည်နယ် ပညာရေးဌာနသည် စီရင်စုများ ငွေသုံးပုံစံ ချိန်ညှိပေးရန် (သို့) ကျောင်းသား၊သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းရာတွင် နည်းလမ်းသစ်များရစေရန် ကူပေးရန်အတွက် ဤရီပို့ထဲရှိ အချက်အလက်ကို အသုံးပြုပါမည်။